# ၁၉၄၇ - ခုနှစ် ၊

# ပင်လုံစာချုပ် ။

မြန်မာပြည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့ နှင့် စပ်ဖများ အားလုံးတို့အပြင်—ရှမ်းပြည်နယ်များ ကချင်တောင်တန်းဒေသ များနှင့်—ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလည်များတို့ တက်ရောက် ကြသော ပင်လုံမြို့တွင်ကျင်းပသည့် အစည်းအဝေးကြီးတရပ်တွင်—

ကြားဖြတ်မြန်မာအစိုးရနှင့်-ချက်ခြင်းပူးပေါင်းခြင်းအားဖြင့်၊ ရှမ်း၊ ကချင်နှင့် ချင်းတို့သည်၊ လွတ်လပ်ရေးကိုပိုမို၍ လျင်မြန်စွာ ရရှိလိမ့်မည် ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့ဝင်တို့က ယုံကြည်ကြသည့် အတိုင်း၊ အစည်း အဝေး တက်ရောက်သူ အဖွဲ့ဝင်တို့သည်၊ ကန့် ကွက် သူမ ရှိဘဲ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင် တန်း သား များ စည်း လုံး ညီ ညွတ် ရေး အဖွဲ့၊ (တ=စ—ည-ဖ) ၏ကြိုးကိုင်အဖွဲ့ ကိုယ်စားလည်များက ထောက်ခံချက် အရ၊ တောင်တန်းသားများ၏ ကိုယ်စားလည်တဦးကို ဘုရင်ခံကရွေးချယ် ၍၊ နယ်စပ်ဒေသများကိစ္စနှင့်ပါဝ် သက်၍၊ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ်ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို၊ ဘုရင်ခံ၏ အမှုဆောင် ကောင် စီ တွင် ဌာနလက်ကိုင်မရှိကောင်စီဝင် တဦးအဖြစ်ခန့်ထား၍၊ ကာကွယ်ရေး နှင့် ပြည်ပကိစ္စရပ်များတွင်၊ ထုံးနည်းဥပဒေအရ၊ အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ် ဒေသကိစ္စများ

PDF created with pdfFactory Pro trial version www.pdffactory.com

ကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာအောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကိုပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို၊ ၎င်းနှင့်လူမျိုးခြင်းမတူသော ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်နှစ်ဦးက၊ ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှစ်ဦး တို့သည်၊ ၎င်းအသီးသီး သက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍၊ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကိုဆောင်ရွက်စေရန်ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ၊ တွဲဘက်တာဝန်ယူရသည့် မှုအတိုင်း ရွက်ဆောင်စေရမည်။

၄။ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည်၊ အမှုဆောင် ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည် ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်များသည်၊ နယ်စပ်ဒေသများနှင့် သက်ဆိုင်သော ကိစ္စများကို ဆွေးနွေး ကြသည့်အခါ အမှုဆောင် ကောင်စီတွင် တက်ရောက်နိုင်ခွင့် ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း၊ ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ် ဒေသများ၏ နယ်တွင်း အုပ်ချုပ်ရေးတွင် ယခု ခံစားနေရသော ကိုယ်ပိုင် အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာ လက်လွှတ်စေရန် အဆိုပါ ကောင်စီက ပြုလုပ်ခြင်း မရှိစေရ၊ နယ်စပ်ဒေသများအတွက် နယ်တွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသော မူကို သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့် ကချင်ပြည်နယ်တခု နယနိမိတ်သတ်မှတ်၍ တည်ထောင်ရန်ပြဿနာမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြား ပြည်

နယ်တခု ထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်ရန်အလို့ငှါ ပဋ္ဌမခြေလှမ်းအနေဖြင့် ၁၉၄၇-ခုနှစ်၊ မြန်မာ နိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲ စာရင်း၁၊ အပိုင်း-၂ ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးအတွင် နယ်စပ်ဒေသအတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်-ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၆။ နယ်စပ်ဒေသများ၏ နယ်သူနယ်သားတို့သည် ဒီမိုကရေစီ နိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေး များတို့ကို ခံစားနိုင်ခွင့် ရှိစေရမည်။

၇။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ— ပဒေသရာဇ် ရှမ်းပြည်နယ်မြေစုတွင် ယခု အပ်နှင်းထားပြီး ဖြစ်သော ဘဏ္ဍာရေးနှင့် ပါတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိ စေရန်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ— မြန်မာပြည် အခွန်တော်ငွေများမှ ကချင်တောင်တန်း နယ်များနှင့် ချင်း တောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေး အကူအညီကို ထိခိုက်ခြင်းမရှိစေရ၊ မြန်မာပြည်နှင့် ပဒေသရာဇ် ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေး အစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်း များအတွက် အလားတူ အစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီကျ နယ်စပ်ဒေသများ၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် ဒုတိယ အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေး ကြည့်ရှုရမည်။ ။

ဖေါ်ပြပါ ပင်လုံစာချုပ်ကြီးကို (၁၂-၂-၄၇) နေ့က လက်မှတ်ထိုးကြသော အဖွဲ့ဝင်များကို စာမျက်နှာ (၄)တွင် ဆက်လက်၍ ကြည့်ရှုပါ။



PDF created with pdfFactory Pro trial version www.pdffactory.com